MONTHLY
# NEWSLETTER
VOLUME [ 8 ]    1st - 31st AUGUST - 2020

AYA SOMPO insurance

## Types of RISK... 02
Human Resource Department

## AYA SOMPO Insurance နှင့် AYA Pay တို့သည် အာမခံနှင့်ပတ်သက်သည့် ငွေပေးချေမှုများကို Digital စနစ်ဖြင့် လွယ်ကူစွာ ငွေပေးချေနိုင်ရန်အတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သဘောတူညီမှု လက်မှတ်ရေးထိုး ...... 04
Corporate Planning Department

## OUR NEW HOME, AYA SOMPO NEW OFFICE TOWER 05
Corporate Planning Department

## Proud to be an Employee of AYA SOMPO (Employee Benefits) 06

## Q?A HEALTH INSURANCE 08
Human Resource Department



No.245,
Corner of Maha Bandula Road and 46th Street,
Botahtaung Township,
Yangon, Myanmar.

info@ayasompo.com
**Customer Service:**
csinfo@ayasompo.com
**Website Link:**
www.ayasompo.com

+95-9-966662883

# TYPE OF RISK

ရှေ့လ June လ သတင်းစဉ်တွင် ဖော်ပြခဲ့ပြီးသော Catastrophic Risk, Important Risk, Pure Risk နဲ့ Speculative Risk တွေအပြင် နောက်ထပ်ခွဲခြားသိရှိထားရန် လိုအပ်တဲ့ Risk အမျိုးအစားများအကြောင်းကို ဆက်လက်ဖော်ပြလိုက်ရပါတယ်..။

## Financial Risks and Non-Financial Risks

Financial Risks ဆိုသည်မှာ အလွယ်ကူဆုံး အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုလျှင် ငွေကြေးဖြင့် တိုင်းတာနိုင်သော/ Financial Market နဲ့ သက်ဆိုင်သော ဆုံးရှုံးမှုများကို ဖြစ်ပေါ်လာစေတဲ့ Risks အန္တရာယ်များဟု ဆိုနိုင်ပါသည်။ ဥပမာ မိမိတို့၏ ပိုင်ဆိုင်မှုများ၊ ပစ္စည်းဉစ္စာများ တန်ဖိုး ပြောင်းလဲခြင်းများ..၊ Liquidity Risk နဲ့ Credit Risks စသည်များ..။ ဆန့်ကျင်ဘက်အားဖြင့် ငွေကြေးဖြင့် အတိအကျ ချိန်ဆတိုင်းတာ၍ မရနိုင်သော တန်ဖိုးဖြတ်၍ မရနိုင်သော ဆုံးရှုံးမှုများကို Non-Financial Risks များဟု ခေါ်ဆိုနိုင်ပါသည်။ ဥပမာပေးရမည်ဆိုလျှင် မှားယွင်းတဲ့ ဆုံးဖြတ်ချက်တစ်ခုကြောင့် စီးပွားရေးအကြပ်အတည်းတွေ နောက်ဆက်တွဲ အရှုံးပေါ်မှုတွေ ဖြစ်ပေါ်လာရတဲ့အခါ..၊ ကျန်းမာရေးချို့ယွင်းမှုကြောင့် အလုပ်မလုပ်နိုင်တဲ့အခါ ဝင်ငွေလျော့ကြလာမှုတွေ စတာတွေက Non-Financial Risksလို့ ခေါ်ဆိုနိုင်ပါတယ်။ ဒီနေရာမှာ ကျန်းမာရေး ချို့တဲ့ခြင်းဆိုတဲ့ Risk ကို ငွေကြေးဖြင့် အတိအကျ တန်ဖိုးဖြတ်၍ မရသော်လည်း နောက်ဆက်တွဲအနေနဲ့ ဖြစ်ပေါ်လာသော ဆေးရုံတွင် ကုသစရိတ်ကိုတော့ဖြင့် ငွေကြေးတန်ဖိုးတစ်ခုသတ်မှတ်၍ပေးလျော်နိုင်သည်။ အလားတူအခြား Non-Financial Risks ထဲကတစ်ခုကို ပြောရမည်ဆိုလျှင် တစ်စုံတစ်ဦးအား အမည်ဖျက်ပြောဆိုမှုကြောင့် ထိခိုက်နစ်နာမှုအတွက်ငွေကြေးတန်ဖိုးဖြတ်၍ မရသော်လည်း တရားရုံးမှ သတ်မှတ်ဒဏ်ကြေးတစ်ခုသတ်မှတ်ကာ ပေးလျော်ခိုင်းစေခြင်းနှင့် တူညီသော သဘောတရားပင် ဖြစ်သည်။




## Dynamic Risks and Static Risks

Dynamic Risks နဲ့ Static Risks မှာဆိုရင် Dynamic Risks တွေက ပိုပြီး ခန့်မှန်းရခက်ပါတယ်။ Static Risk ဆိုတဲ့အတိုင်း အချိန်ကာလတစ်ခုမှာပုံသေသတ်မှတ်ထားတဲ့ပုံစံတစ်ခုနဲ့ ပြန်လည် ဖြစ်ပေါ်လာလေ့

ရှိတဲ့ Riskတွေဖြစ်ပြီး ကောက်ယူစုဆောင်းထားတဲ့ Data များရဲ့ တိကျမှုအပေါ် မူတည်ပြီး ကြိုတင်ခန့်မှန်းနိုင်သော Riskများဖြစ်ပါသည်။ မြို့တစ်မြို့၏ ကလေးမွေးဖွားနှုန်း၊ လူသေနှုန်းနှင့် မီးလောင်မှု ဖြစ်ပွားနှုန်းများကဲ့သို့ စစ်တမ်းကောက်ယူပြီး ခန့်မှန်း တွက်ချက်နိုင်သော အကြောင်းအရာများကို ဥပမာပေးဖော်ပြနိုင်ပါသည်။ Static Risk များကို အာမခံထားခြင်းဖြင့် အထိုက်အလျောက် ကာကွယ်မှုရယူနိုင်မည်ဖြစ်သော်လည်း Dynamic Risk ကဲ့သို့ ခန့်မှန်းရန် အတိုင်းအတာအားဖြင့် ကျယ်ပြန့်သော Risk များကိုမူ အာမခံဖြင့် အကာအကွယ်ယူ၍ မရနိုင်ပါ။ Dynamic Risk များ၏ သဘာသဘာဝအရ Pattern တစ်ခုနှင့် မဟုတ်ဘဲ ဖြစ်ပေါ်



ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းအပေါ် မူတည်၍ Economy တစ်ခုလုံးကို သက်ရောက်နိုင်သော ပြောင်းလဲမှုမျိုး ဖြစ်သည်။ ခေတ်ရေစီးကြောင်းအရ ဝယ်သူတွေရဲ့ အစားအသောက်၊ နေထိုင်မှုပုံစံ၊ အဝတ်အစား အကြိုက်တွေ ပြောင်းလဲလာတာမျိုး ..၊ နိုင်ငံရဲ့ ပြောင်းလဲသတ်မှတ်လိုက်တဲ့ ဥပဒေ သတ်မှတ်ချက်များရဲ့ သက်ရောက်မှုကြောင့် မိမိလုပ်ငန်းအပေါ် ကျရောက်လာတဲ့ နောက်ဆက်တွဲ ပြောင်းလဲမှုတွေ.. စသည်ဖြင့် ကြီးမားကျယ်ပြန့် သော လူထုကြီးတစ်ခုလုံး အပေါ် သက်ရောက်နိုင်တဲ့ ပြောင်းလဲမှုများ ဖြစ်ပါသည်။

## Fundamental Risks and Particular Risks

ဒီအမျိုးအစား (၂) ခုကတော့ ရိုးရှင်းပါတယ်။ လူအများကြီးကို တစ်စုတစ်ပြုံတည်းထိခိုက်စေတဲ့ Risk မျိုးကို Fundamental Risk လို့ သတ်မှတ်နိုင်ပြီး (ဥပမာ လေယာဉ် သင်္ဘော မီးရထားတိမ်းမှောက်မှု) တစ်ဦးတစ်ယောက် အိမ်ထောင်စုတစ်စုကိုသာ ထိခိုက်စေသော သက်ရောက်မှုရှိသော Risk မျိုးကို Particular Risk (အိမ်တစ်အိမ်တွင် ခိုးမှုဖြစ်ပွားခြင်း)ဟု ယေဘုယျအားဖြင့် ခေါ်ဆိုသတ်မှတ်နိုင်ပါသည်။

အခုဆိုရင်တော့ Risk ကို ဆုံးရှုံးမှုပမာဏအပေါ် မူတည်၍ လည်းကောင်း၊ ဖြစ်ပေါ်နိုင်သည့် အခြေခံ သဘောတရားပေါ် မူတည်၍လည်းကောင်း ခွဲခြားနိုင်သော အမျိုးအစားများကို Basic Knowledge အနေနဲ့ မျှဝေခဲ့ပြီး ဖြစ်ပါတယ်။ AYA SOMPO ၏ Newsletter တွင် လစဉ် ဆက်လက်ပြီး အာမခံနှင့် ပတ်သက်သည့် ဗဟုသုတများကို ဆက်လက်မျှဝေပေးသွားမှာ ဖြစ်ပါတယ်။

Human Resource Department

# AYA SOMPO Insurance နှင့် AYA Pay တို့သည် အာမခံနှင့်ပတ်သက်သည့် ငွေပေးချေမှုများကို Digital စနစ်ဖြင့် လွယ်ကူစွာ ငွေပေးချေနိုင်ရန်အတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သဘောတူညီမှု လက်မှတ်ရေးထိုး




၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် AYA SOMPO Insurance နှင့် AYA Pay တို့သည် အာမခံနှင့် ပတ်သက်သည့် ငွေပေးချေမှုများကို Digital စနစ်ဖြင့် လွယ်ကူစွာ ငွေပေးချေနိုင်ရန်အတွက် "အကျိုးတူ ပူးပေါင်း ဆောင်ရွက်ခြင်း သဘောတူညီမှုလက်မှတ်" ကို AYA SOMPO အာမခံရုံးချုပ်၌ လက်မှတ်ရေးထိုးခဲ့ပါတယ်။

အခမ်းအနားကို AYA SOMPO အာမခံမှ တာဝန်ရှိသူများနှင့် AYA Pay မှ တာဝန်ရှိသူများ တက်ရောက်၍ လက်မှတ်ရေးထိုးခဲ့ပါတယ်။ AYA SOMPO အာမခံနှင့် AYA Pay တို့ လုပ်ငန်းပိုင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သောအာမခံဝန်ဆောင်မှုများကို အချိန်နေရာမရွေး အဆင်ပြေလွယ်ကူစွာဝန်ဆောင်မှုရယူနိုင်အောင်ဆောင်ရွက်သွားမှာ ဖြစ်တဲ့အပြင် လုံခြုံစိတ်ချရပြီး မြန်မာပြည်သူလူထု၏ လူနေမှုဘဝနှင့်ကိုက်ညီသောအာမခံအကာအကွယ်ကောင်းများ ပေးနိုင်ရန်အတွက်လည်း လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

Corporate Planning Department

> **AYA SOMPO** အာမခံနှင့် **AYA Pay** တို့ လုပ်ငန်းပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော အာမခံဝန်ဆောင်မှုများကို အချိန်နေရာမရွေး အဆင်ပြေလွယ်ကူစွာ ဝန်ဆောင်မှုရယူနိုင်ရန်နှင့် လုံခြုံစိတ်ချရပြီး မြန်မာပြည်သူလူထု၏ လူနေမှုဘဝနှင့် ကိုက်ညီသော အာမခံအကာအကွယ်ကောင်းများ ပေးနိုင်ရန်အတွက် ......



# OUR NEW HOME,
# AYA SOMPO NEW OFFICE TOWER




၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့မှစတင်၍ အာမခံဝန်ဆောင်မှု ရယူလိုသူ Customer များအား အမှတ် (၂၄၅) ၊ မဟာဗန္ဓုလလမ်းနှင့် ၄၆ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်တွင် တည်ရှိသော AYA SOMPO အာမခံရုံးချုပ်သစ်၌ ပြောင်းလဲ၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

Digital အသားပေး လုပ်ဆောင်ချက်များနှင့် အညီ ယခုရုံးချုပ်သစ်၌ ပိုမိုကောင်းမွန်သော အာမခံ ဝန်ဆောင်မှုများကို ဆန်းသစ်သော Digital နည်းပညာ ဝန်ဆောင်မှုများဖြင့် အဆင်ပြေလွယ်ကူစွာ ပေးသွားမှာ ဖြစ်တဲ့အပြင် လုံခြုံစိတ်ချရပြီး မြန်မာပြည်သူလူထု၏ လူနေမှုဘဝနှင့် ကိုက်ညီသော အာမခံအကာအကွယ် ကောင်းများ ပေးနိုင်ရန်အတွက်လည်း လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အာမခံနှင့် ပတ်သက်ပြီး စိတ်ဝင်စားသော Customer များအနေဖြင့် ဝန်ဆောင်မှု ရယူလိုသည်ဖြစ်စေ၊ အာမခံနှင့် ပတ်သက်သည့်ဗဟုသုတများကို သိရှိလိုသည်ဖြစ်စေ အမှတ်(၂၄၅)၊ မဟာဗန္ဓုလလမ်းနှင့် ၄၆ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်တွင် တည်ရှိသည့် AYA SOMPO ရုံးချုပ်သစ်သို့ လာရောက်လေ့လာဖို့အတွက် ဖိတ်ခေါ်လိုက်ပါတယ်။

Corporate Planning Department






# Proud to be an Employee of AYA SOMPO (EMPLOYEE BENEFITS)

ဧရာဆွန်ပို၏ ဝန်ထမ်းများ အနေဖြင့် Employee Value Proposition (EVP) အနေဖြင့် Mandatory Benefits များအပြင် အခြားသော Employee Privileges များကိုပါ ခံစားခွင့် ရရှိနေပါပြီ။ AYA SOMPO ရဲ့ ဝန်ထမ်းများ၏ Social life, Health & Education များကို ပိုမို မြင့်မားဖို့အတွက် ဆောင်ရွက်တဲ့အခါမှာ အောက်ဖော်ပြပါ Partners များ၏ ဝန်ဆောင်မှုများကို အသုံးပြုမယ်ဆိုရင်တော့ AYA SOMPO ဝန်ထမ်းကဒ်လေးကို ပြသပြီး Special Rates များနှင့် Discount Rates များကို ခံစားနိုင်မှာဖြစ်ပါတယ်။

## AYA SOMPO Employees Privileges

| | |
|---|---|
| Food & Beverage Benefits | *HAVANA (URBAN ASIA CENTER)* |
| Education Benefits | *STRATEGY FIRST UNIVERSITY* |
| Health Benefits | *GRAND HANTHA INTERNATIONAL HOSPITAL* |
| Recreation Benefits | *MEMORIES GROUP (ALL HOTELS)* |

## SFUx Online Courses

STRATEGY FIRST UNIVERSITY

## Grand Hantha International Hospital

GREEN. GRAND. CARE FOR THE PEOPLE
GRAND HANTHA INTERNATIONAL HOSPITAL
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး

Address: Bayint Naung Tower 2, Yangon

## Memories Group - Hotels

(1) Awei Metta Hotel – Yangon
(2) Awei Metta Golf Club – Yangon
(3) Awei Pila Resort
(4) Keinnara Hpa-An




## Win & San Diamonds & Fine Jewelry

## UKK Lifestyle Collections

## HAVANA
## (Urban Asia Center)

Address :
Unit G23 Urban Asian Center Mahabandula Road, Between 47th &, 48th St, Yangon, Myanmar.



AYA SOMPO insurance




# HEALTH INSURANCE

**Question :** Basic Unit ကို 1 Unit ဝယ်ပြီး Surgical or Outpatient Treatment Unit များကို 10 Units ဝယ်ချင်တယ်ဆို ဝယ်ယူလို့ရပါလား။ Basic Unit ကိုဝယ်ယူခြင်းမပြုဘဲ Option (1) or (2) ကိုသာ ဝယ်ယူမယ်ဆို ရပါလား။

**Answer :** Surgical or Outpatient Treatment Unit များကို 10 Units ဝယ်ယူမယ်ဆိုရင် Basic Unit ကိုလည်း 10 Units ဝယ်ပေးရပါမယ်။ သို့မဟုတ် Health Insurance Package များအလိုက် ရွေးချယ် ဝယ်ယူနိုင်ပါသည်။

**Question :** အာမခံထားငွေဘယ်လောက်ဆို ဆေးစစ်ဖို့လိုပါလဲ?

**Answer :** Health Insurance က Life Insurance နဲ့ မတူပါဘူး။ Health Insurance အတွက် သီးသန့်ဆေးစစ်စရာ မလိုပါဘူး။ Critical Illness ဆိုတဲ့ ရောဂါ (၁၀)မျိုးကို Insurance ထားမှသာ ဆေးစစ်ပေးရပါမယ်။ အာမခံထားငွေနဲ့ မသက်ဆိုင်ပါဘူး။ ဝယ်ယူတဲ့ Unit အလိုက်နဲ့ အာမခံထားသူရဲ့ အသက်အရွယ်ပေါ်မူတည်ပြီး ဆေးစစ်ရပါတယ်။

**Question :** ဆေးစစ်တဲ့ ကုန်ကျငွေကို ကုမ္ပဏီမှ ပေးပါလား။

**Answer :** ဆေးစစ်တဲ့ကုန်ကျငွေကို ကုမ္ပဏီမှ ပြန်လည်မပေးပါဘူး။

**Question :** Individual နဲ့ အဖွဲ့လိုက်ထားခြင်းများအတွက် Benefit ကွာခြားမှုရှိပါလား။

**Answer :** Benefits တော့ ကွာခြားမှုမရှိပါဘူး။ payment term and payment amount တော့ ကွာခြားပါတယ်။

**Question** : Covid-19 ဖြစ်လို့ Quarantine ဝင်ရင် အာမခံ အကျုံးဝင်ပါသလား။

**Answer** : Covid-19 မှာ Quarantine ဝင်တယ်ဆိုရင် အမျိုးအစား (၃) မျိုးရှိပါတယ်။ Hospital Quarantine, Home Quarantine, Facilities Quarantine. ထိုအမျိုးအစား (၃) မျိုးထဲမှာ Home Quarantine နဲ့ Facilities Quarantine အတွက် အာမခံ အကျုံးမဝင်ပါဘူး။ Covid-19 Symptom များရှိ၍ သံသယ လူနာအဖြစ်လည်းကောင်း၊ Covid-19 Positive လူနာအဖြစ်လည်းကောင်း ဖြစ်ပွားပြီး ဆေးရုံသို့ တက်ရောက်ပြီး ဆေးကုသ ခံယူရပါက အာမခံထဲတွင် အကျုံဝင်ပါတယ်။

**Question** : ဘယ်ဆေးရုံ ဆေးခန်းပြပြအကျုံးဝင်ပါသလား? နိုင်ငံခြားဆေးရုံဆိုရင်ကော လျော်ကြေး အကျုံးဝင်ပါသလား ?

**Answer** : သက်ဆိုင်ရာမှ တရားဝင်အသိမှတ်ပြုလိုင်စင် ရရှိထားပြီး ဖွင့်လှစ်ထားသော ဆေးရုံ ဆေးခန်းတိုင်း အကျုံးဝင်ပါတယ်။ ဆေးကုသပေးတဲ့ ဆရာဝန်မှာလည်း ဆမ လိုင်စင် (သို့) တိုင်းရင်းဆေးမှပေးအပ်ထားသော ဆေးကုသမှုလိုင်စင် ကိုင်ဆောင်ထားတယ်ဆိုရင် အကျုံးဝင်ပါတယ်။ နိုင်ငံခြားမှာသွားရောက်ကုသတယ်ဆိုရင်လည်း သက်ဆိုင်ရာနိုင်ငံရဲ့ တရားဝင် အသိမှတ်ပြုလိုင်စင် ရထားပြီးသားဆိုရင် အကျုံးဝင်ပါတယ်။

Human Resource Department

